အမလ်ကျင့်ဆောင်မှုသည် ခြောက်မျိုးရှိပြီး လူသည်

လေးမျိုးလေးစားရှိသည်။၎င်းတို့မှာ

ဝါဂျိဗ်ထိုက်သည့်အရာ နှစ်ခု၊ တစ်ခုအစား ၎င်းနှင့်ညီမျှသည့် တစ်ခုရရှိခြင်း၊ ကောင်းမှုတစ်ခုသည်

အကျိုးကုသိုလ်ဆယ်ဆရရှိခြင်းနှင့် ကောင်းမှုတစ်ခုသည်အကျိုးကုသိုလ် အဆခုနှစ်ရာ ရရှိခြင်းတို့ဖြစ်သည်။

ခုရိုင်းမ်ဗင်န်ဖာသိက်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
အမလ်ကျင့်ဆောင်မှုသည် ခြောက်မျိုးရှိပြီး လူသည်
လေးမျိုးလေးစားရှိသည်။၎င်းတို့မှာ ဝါဂျိဗ်ထိုက်သည့်အရာ နှစ်ခု၊ တစ်ခုအစား
၎င်းနှင့် ညီမျှသည့် တစ်ခုရရှိခြင်း၊ ကောင်းမှုတစ်ခုသည်
အကျိုးကုသိုလ်ဆယ်ဆရရှိခြင်းနှင့် ကောင်းမှုတစ်ခုသည် အကျိုးကုသိုလ် အဆခုနှစ်ရာရရှိခြင်းတို့ဖြစ်သည်။ ဝါဂျိဗ်ထိုက်သည့်အရာ နှစ်ခုဆိုသည်မှာ မည်သူမဆို
အလ္လာဟ်အရှင်မြတ်နှင့်အတူ တစ်စုံတစ်ရာကို ရှိရ်က် ဖက်စပ်ယှဉ်တွဲကိုးကွယ်မှု
မပြုဘဲသေဆုံးခဲ့လျှင် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရမည်။ မည်သူမဆို
အလ္လာဟ်အရှင်မြတ်နှင့်အတူ တစ်စုံတစ်ရာကို ရှိရ်က် ဖက်စပ်ယှဉ်တွဲကိုးကွယ်မှုပြု၍သေဆုံးခဲ့လျှင် ဂျဟန္နမ်ငရဲဘုံသို့ ဝင်ရောက်ရမည်။ တစ်ခုအစား ၎င်းနှင့်ညီမျှသည့်တစ်ခုရရှိခြင်းဆိုသည်မှာ မည်သူမဆို မိမိ၏စိတ်နှလုံးသား အတွင်းမှပင်
ခံစားမိသည်အထိ ကောင်းမှုပြုလုပ်ရန် ရည်ရွယ်ခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ၎င်းကိုအကြွင်းမဲ့သိရှိတော်မူပြီး ထိုသူ့အတွက် ကောင်းမှုတစ်ခု
ရေးမှတ်ခြင်းခံရမည်ဖြစ်သည်။ မည်သူမဆို မကောင်းမှုတစ်ခုကို
လက်တွေ့ကျူးလွန်လိုက်ပါက ထိုသူ့အတွက် မကောင်းမှုတစ်ခု
ရေးမှတ်ခြင်းခံရမည်ဖြစ်သည်။ မည်သူမဆို ကောင်းမှုတစ်ခု ပြုလုပ်ခဲ့ပါက
အကျိုးကုသိုလ်ဆယ်ဆရရှိမည်ဖြစ်သည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌
သုံးစွဲလှူဒါန်းခဲ့ပါက အကျိုးကုသိုလ် အဆခုနှစ်ရာ ရရှိမည်ဖြစ်သည်။ လူတို့တွင်
အချို့သည် လောကီတွင် ကြွယ်ဝပြီး နောင်တမလွန်တွင် ကျပ်တည်းသူများဖြစ်သည်။
အချို့သည် လောကီတွင် ကျပ်တည်းပြီး နောင်တမလွန်တွင် ကြွယ်ဝသူများဖြစ်သည်။
အချို့သည် လောကီနှင့် နောင်တမလွန် နှစ်ဌာနစလုံးတွင် ကျပ်တည်းသူများဖြစ်သည်။
အချို့သည် လောကီနှင့် နောင်တမလွန် နှစ်ဌာနစလုံးတွင် ကြွယ်ဝသူများဖြစ်ကြသည်။
[حسن] [رواه أحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာအမလ်ကျင့်ဆောင်မှုသည် ခြောက်မျိုးရှိပြီး လူသည် လေးမျိုးလေးစားရှိသည်။အမလ်ကျင့်ဆောင်မှု ခြောက်မျိုးမှာ- (၁) အကြင်သူသည် အလ္လာဟ်အရှင်မြတ်နှင့်အတူတစ်စုံတစ်ရာအား ယှဉ်တွဲကိုးကွယ်ခြင်းမပြုဘဲ ကွယ်လွန်သေဆုံးခဲ့ပါက ၎င်းသူအတွက်

https://sunnah.global/hadeeth/my/show/65014